# ကုရ်အာန်

## လူသားတို့ထံသို့ နောက်ဆုံးချပေးခဲ့သော ဗျာဒိတ်တော်



အခြေခံ အချက်များကိုလေ့လာခြင်း

islamicpamphlets.com

# ဗျာဒိတ်တော်၏ရည်ရွယ်ချက်

## တစ်ပါးတည်းသောဖန်ဆင်းရှင်ကို ယုံကြည်ရန်

“သင်တို့၏ ကိုးကွယ်ရာအရှင်သည် တစ်ပါးတည်းသောအရှင် ဖြစ်တော်မူသည်။ ထိုအရှင်မှတစ်ပါး အခြား ခဝပ်ကိုးကွယ်ခံထိုက်တော်မူသော အရှင် အလျှင်းမရှိပေ။ ထိုအရှင်သည် အနှိုင်းမဲ့ ကရုဏာတော်ရှင်၊ အလွန် တရာ ကြင်နာတော်မူသောအရှင် ဖြစ်တော်မူသည်။” (ကုရ်အာန်-၂:၁၆၃)

ကုရ်အာန်တစ်အုပ်လုံးတွင် ဖော်ပြသွားသော အရေးအကြီးဆုံးခေါင်းစဉ်မှာ တစ်ပါးတည်းသော စစ်မှန် သည့် ဖန်ဆင်းရှင်ကို ယုံကြည်ကြရန် ဖြစ်ပါတယ်။ ဖန်ဆင်းရှင်က သူ့ထံတွင် တွဲဖက်၊ သား၊ ဂုဏ်ရည်တူ အလျှင်း မရှိကြောင်း၊ ဖန်ဆင်းရှင်မှလွဲ၍ ကိုးကွယ်ခြင်းခံထိုက်သူ အခြားမည်သူမျှမရှိကြောင်း ကျွန်ုပ်တို့ကို အသိပေးထား ပါတယ်။ မည်သည့်အရာကမျှ ဖန်ဆင်းရှင်အားနှိုင်းယှဉ်၍ မရသလို မည်သည့်ဖန်ဆင်းခံကမှလည်း ဖန်ဆင်းရှင် နှင့် တူညီမှုမရှိပါ။ ဖန်ဆင်းရှင်အား လူသားဂုဏ်ရည်များနှင့် နှိုင်းယှဉ်ခြင်း၊ ကန့်သတ်ခြင်းများကိုလဲ ကုရ်အာန်က ငြင်းပယ်ထားပါတယ်။

## အတုအယောင်ဘုရားများအားလုံးကို ငြင်းပယ်ရန်

“အလ္လာဟ်ကို ခဝပ်ကိုးကွယ်ကြကုန်၊ မည်သည့်အရာကိုမျှအရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ခြင်းမပြုကြနှင့်။” (ကုရ်အာန်-၄:၃၆)

အလ္လာဟ်တစ်ပါးတည်းသည်သာ ခဝပ်ကိုးကွယ်ခြင်းခံထိုက်တော်မူသောအရှင် ဖြစ်သောကြောင့်၊ အခြားသော အတုအယောင် ဘုရားများ၊ ကိုးကွယ်ရာများကို စွန့်လွှတ်ရမှာ ဖြစ်ပါတယ်။ ကုရ်အာန်ကျမ်းမြတ်က ဖန်ဆင်းရှင်မှလွဲ၍ အခြားသူ၊ အခြားအရာများကို ဖန်ဆင်းရှင်နှင့်သာသက်ဆိုင်သော မြင့်မြတ်သော ဂုဏ်ရည်များ သတ်မှတ်ခြင်းကိုလည်း ငြင်းပယ်ထားပါတယ်။

## အတိတ်မှအကြောင်းအရာ အဖြစ်အပျက်များကို ကျွန်ုပ်တို့အားပြောပြရန်

ကုရ်အာန်ကျမ်းမြတ်တွင် တမန်တော်အာဒမ်၊ တမန်တော်နူးဟ်၊ တမန်တော် အီဗရာဟီမ်၊ တမန်တော် မူဆာနှင့် တမန်တော်အီဆာ စသည့် ရှေးက တမန်တော်များ၏ စစ်မှန်သောဘဝဇာတ်ကြောင်းများကဲ့သို့ အကျိုး ရှိသော သင်ခန်းစာများရရှိသည့် ဇာတ်ကြောင်းများပါဝင်ပါတယ်။ ထိုအကြောင်းအရာများနှင့် ပတ်သတ်၍ အလ္လာဟ် အရှင်မြတ်က ဤသို့မိန်တော်မူထားသည်၊ “စင်စစ်တွင် သူတို့၏ အကြောင်းအရာများထဲတွင် အသိဉာဏ်ရှိသူများအတွက် သံဝေဂ တရားရှိပေသည်။” (ကုရ်အာန်-၁၂:၁၁၁)

## ကမ္ဘာ့တရားခွင်နေ့အကြောင်း ကျွန်ုပ်တို့အား သတိပေးရန်

ဤမြင့်မြတ်သော ကျမ်းစာတော်တွင် လူတိုင်းဟာ သေခြင်းတရားနှင့် ကြုံတွေ့ကြရမည်ဖြစ်ပြီး မိမိတို့ ပြုခဲ့သမျှ သော အပြုအမူတိုင်းအတွက် တာဝန်ယူ ဖြေရှင်းကြရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ကို သတိပေးပါတယ်။ “ငါအရှင်သည် ကိယာမသ်နေ့တွင် တရားမျှတသော ချိန်ခွင်များ ထားရှိတော်မူမည်ဖြစ်ရာ မည်သူတစ်ဦး တစ်ယောက်မှ အနည်းငယ်စိုးစဉ်းမျှ မတရားအလုပ်ခံရလိမ့်မည်မဟုတ်…” (ကုရ်အာန်-၂၁:၄၇)

## ရည်မှန်းထားသော ဘဝနေထိုင်နည်းကို ဖြည့်ဆည်းရန်

ဘဝရဲ့ရည်ရွယ်ချက်ဟာ ဖန်ဆင်းရှင်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ရန်ဖြစ်ကြောင်း၊ မိမိဘဝကို ဖန်ဆင်းရှင် ပြဋ္ဌာန်းထားသော ဘဝနေထိုင်နည်းအတိုင်း လိုက်နာနေထိုင်ရမှာဖြစ်ကြောင်း ကုရ်အာန်ကျမ်းမြတ် က သင်ကြားပေးပါတယ်။ အစ္စလာမ်မှာ ခဝပ်ကိုးကွယ်ခြင်းဟာ ဖန်ဆင်းရှင်ကျေနပ်နှစ်သက်သော အပြုအမူ ၊ အပြောအဆို (တစ်ဦးတည်းဖြစ်စေ အများနှင့်ဖြစ်စေ) အားလုံးပါဝင်သော ကျယ်ပြန့်သည့် အခေါ်အဝေါ် ဖြစ်ပါတယ်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ် မိန့်ကြားထားသည်တို့ကို ပြုလုပ်ခြင်းဖြင့် ၊မုစ္စလင်မ်တစ်ဦးဟာ သူ့ဘဝရည်မှန်းချက်များကိုလည်း ဖြည့်ဆည်းပြီးသား ၊ ဖန်ဆင်းရှင်ကိုလည်း ခဝပ်ကိုးကွယ်ပြီးသား ဖြစ်ပါ လိမ့်မယ်။ အောက်ဖော်ပြပါတို့သည် ကုရ်အာန်ကျမ်းမြတ်မှ ခဝပ်ကိုးကွယ်ခြင်း၏ ဥပမာများဖြစ်ပါတယ်;

ဝတ်ပြုဆုတောင်းရန်; အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ ရုကူအ်ဦးညွှတ်ကြကုန်။ စဂျ်ဒဟ်တပ်တွားကြကုန်။ ထို့ပြင် အသင်တို့၏ အရှင်ကို ကိုးကွယ်ဆည်းကပ်ကြကုန်။သို့မှသာသင်တို့အောင်မြင်ကြပေလိမ့်မည်။” (ကုရ်အာန်-၂၂:၇၇)

ယဉ်ကျေးသိမ်မွေ့ကြရန်; “အသင်သည် သက်ဝင်ယုံကြည်သူအမျိုးသားများအား ဤသို့ပြောကြားပါ၊ မိမိတို့၏ မျက်လွှာများကို နှိမ့်ချထားကြကုန်။ မိမိတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းကြကုန်(…)“အသင်သည် သက်ဝင် ယုံကြည်သူအမျိုးသမီးများအား ဤသို့ပြောကြားပါ၊ မိမိတို့၏ မျက်လွှာများကို နှိမ့်ချထားကြကုန်။ မိမိတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းကြကုန်။ (ကုရ်အာန်-၂၄:၃၀-၃၁)

ကျေးဇူးတင်တတ်ရန်; “အလ္လာဟ်သည်ပင် အသင်တို့အား အသင်တို့၏ မိခင်များ၏ ဝမ်းမှ ထုတ်ဆောင်တော်မူ ခဲ့သည်။ ထိုစဉ်အခါက အသင်တို့သည် တစ်စုံတစ်ရာကိုမျှ မသိကြပေ။ ထို့ပြင်အရှင်မြတ်သည် အသင်တို့ ကျေးဇူးသိတတ်ကြစေရန် သင်တို့အဖို့ နား၊ မျက်စိများနှင့် စိတ်နှလုံးတို့ကို ပြုလုပ်ပေးတော်မူခဲ့သည်။” (ကုရ်အာန်-၁၆:၇၈)

တရားမျှတမှုရှိကြရန်; “အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် တရားမျှတမှု အပေါ်တွင် မြဲမြံစွာ ရပ်တည်ကြသူများ၊ အလ္လာဟ်ကို ထောက်ထား၍ သက်သေခံကြသူများ ဖြစ်ကြကုန်။ ထိုသူသည် အသင်တို့ ကိုယ်ကျိုးနှင့် ဆန့်ကျင်နေသည်ဖြစ်စေ၊ အသင်တို့၏ မိဘနှစ်ပါး၊ အသင်တို့၏ ဆွေမျိုးသားချင်းများနှင့် ဆန့်ကျင်နေသည် ဖြစ်ပါစေ၊ ထိုသူသည် ဆင်းရဲသားဖြစ်စေ၊ သူချမ်းသာဖြစ်စေ…” (ကုရ်အာန်-၄:၁၃၅)

## နိဂုံး

အနှစ်ချုပ်အနေဖြင့်၊ ကုရ်အာန်ကျမ်းမြတ်သည် လူသားတို့ကို တစ်ပါးတည်းသော စစ်မှန်သည့် ဖန်ဆင်းရှင်အား မည်သို့ ခဝပ်ကိုးကွယ်ဆည်းကပ်ရန်၊ ထိုသို့ ခဝပ်ကိုးကွယ်ခြင်းဖြင့် မိမိတို့ဘဝ၏ စစ်မှန်သော ရည်ရွယ်ချက်ကို ဖြည့်ဆည်းနိုင်၍ ယခုဘဝတွင်ရော နောင်တမလွန်မှာပါ အောင်မြင်မှုရရှိမှာဖြစ်ကြောင်း လမ်းညွှန်သင်ကြား ပေးပါတယ်။

“ကေန်စင်စစ် ငါအရှင်သည် လူတို့အကျိုးအတွက် အသင့်အပေါ် ဤကျမ်းကို တိကျမှန်ကန်စွာ ချပေးသနား တော်မူခဲ့သည်။ သို့ဖြစ်ရာ တရားလမ်းမှန်ရယူသူသည် မိမိ၏အကျိုးအတွက်သာ ရယူခြင်း ဖြစ်မည်။ လမ်းမှား လိုက်သူသည်လည်း မိမိ၏ ဆိုးကျိုးအတွက်သာ လမ်းမှားလိုက်ခြင်း ဖြစ်မည်။ (ကုရ်အာန်-၃၉:၄၁)

ဤမြင့်မြတ်လှသော ကျမ်းစာတော်ကို အနည်းဆုံးတော့ အသင်ဖတ်ကြည့်သင့်တယ်မဟုတ်လား?

# ကုရ်အာန်ဆိုတာဘာလဲ?

## ဖန်ဆင်းရှင်၏ နှုတ်ကပါဌ်တော်

ကုရ်အာန်ကျမ်းမြတ်ဟာ ဖန်ဆင်းရှင်ရဲ့ ပကတိနှုတ်ကပါဌ်တော် ဖြစ်ပါတယ်။ အနန္တတန်ခိုးတော်ရှင် (အရဗီဘာသာတွင်-အလ္လာဟ်) ကတမန်တော် မုဟမ္မဒ် (သူ့အပေါ် ငြိမ်းချမ်းခြင်းသက်ရောက်ပါစေ) ထံသို့ ကောင်းကင်တမန်တော် ဂျီဘ်ရာအီလ်မှ တစ်ဆင့် ပို့ချတော်မူခဲ့ပါတယ်။

"ဤကျမ်းသည် အလွန်တန်ခိုးကြီးမားသော၊ အမြော်အမြင်နှင့်ပြည့်စုံသော အလ္လာဟ်ဘက်တော်မှ ချပေးခြင်း ခံရသော ကျမ်းဂန်ဖြစ်သည်။" (ကုရ်အာန်-၃၉:၁)

## လူသားမျိုးနွယ်အတွက် လမ်းညွှန်

ကုရ်အာန်ကျမ်းမြတ်သည် "လူတို့အဖို့လမ်းမှန်ညွှန်ပြသော၊ လမ်းမှန်တရားနှင့် အမှန်အမှားကို ခွဲခြားပေးသည့် သက်သေ အထောက်အထားများ ပါရှိသော ကျမ်းဖြစ်ပေသည်။ (ကုရ်အာန်-၂:၁၈၅)

ဤကျမ်းမြတ်သည် လူသားတို့ကို အမှန်အမှားခွဲခြားဆုံးဖြတ်တတ်ရန် လမ်းပြပေးပါတယ်။ ထိုသို့ လမ်းညွှန်မှု မရှိပါက လူသားတို့ဟာ ပျက်စီးဆုံးရှုံးကြရမှာ ဖြစ်ပါတယ်။

## နောက်ဆုံးဗျာဒိတ်တော်

ကုရ်အာန်ကျမ်းမြတ်သည် အနန္တတန်ခိုးတော်ရှင် အလ္လာဟ်အရှင်မြတ်ထံမှ ချပေးတော်မူသော နောက် ဆုံး ကျမ်းစာတော်ဖြစ်ပါတယ်။ ရှေးကကျမ်းစာများ၏ အစိတ်အပိုင်းအချို့တွင် အနည်းငယ် ကျန်ရှိနေသည့် အမှန်တရားတို့ကို အတည်ပြုပေးသော၊ ထိုကျမ်းစာများ၏ ယနေ့ခေတ်ဗားရှင်းများ ထဲသို့ စိမ့်ဝင်လာသော လုပ်ကြံဖန်တီးမှုများနှင့် ဖြည့်စွက်ချက်များကို ငြင်းဆို ပြုပြင်ပေးသော ကျမ်းမြတ်ဖြစ်ပါတယ်။

"အို-ကျမ်းဂန်ချီးမြှင့်ခံရသူတို့၊ အသင်တို့ထံရှိနေသော ကျမ်းဂန်ကို ထောက်ခံပေးနေသည့် ငါအရှင် ချပေးတော် မူသော ကျမ်းဂန်(ကုရ်အာန်)ကို သက်ဝင်ယုံကြည်လိုက်ကြပါ။ (ကုရ်အာန်-၄:၄၇)

## ကုရ်အာန်ကျမ်းမြတ်ဟာ ဘယ်လိုကျရောက်ခဲ့သလဲ?

ကုရ်အာန်ကျမ်းမြတ်ဟာ တမန်တော်မုဟမ္မဒ် (သူ့အပေါ် ငြိမ်းချမ်းခြင်းသက်ရောက်ပါစေ) ထံသို့ ကျရောက်ခဲ့ပြီး ကျရောက်ခဲ့သည့် အရဗီဘာသာစကားအတိုင်း ရှိနေပါတယ်။ သို့သော် ကုရ်အာန်၏ အဓိပ္ပာယ် ဘာသာပြန်ကို ဘာသာစကားများစွာဖြင့် ပြန်ဆိုပြီးဖြစ်ပါတယ်။

ကုရ်အာန်ကျမ်းမြတ်ဟာ စာအုပ်တစ်အုပ်လုံး အပြည့်အစုံ ဗျာဒိတ်တော် တစ်ခေါက်တည်းဖြင့် ကျရောက်ခဲ့ခြင်း မဟုတ်ပါ၊ ၂၃နှစ်ကျော် သက်တမ်းအတွင်း အနည်းငယ်စီကျရောက်ခဲ့ခြင်း ဖြစ်ပါတယ်။

ထိုအတွက်ကြောင့်၊ ကုရ်အာန်ကိုသေချာစွာ နားလည်သဘောပေါက်ရန် အတွက် မည်သည့် အခန်းကဏ္ဍ သည် မည်သည့်အခြေအနေတွင် ကျရောက်ခဲ့သည်ကို မဖြစ်မနေသိရှိရန် လိုအပ်ပါတယ်။ သို့မဟုတ်ပါက ထိုကျမ်းမြတ်၏ သွန်သင်ဆုံးမမှုများကို နားလည်မှုလွဲတတ်သောကြောင့် ဖြစ်ပါတယ်။

# ဤကျမ်းမြတ်သည် ဖန်ဆင်းရှင်ထံမှဖြစ်ကြောင်း ဘယ်လို သိနိုင်လဲ?

## ထိန်းသိမ်းစောင့်ရှောက်ထားရှိခြင်း

ကုရ်အာန်ကျမ်းမြတ်သည် ကြာမြင့်သော အချိန်ကာလအတွင်း အနည်းငယ်စီကျရောက်ခဲ့သော်လည်း ၊ ကျရောက်ခဲ့ပြီးသည့် နေ့ကအတိုင်း ယနေ့တိုင် စစ်မှန်စွာ ရှိနေသော တစ်ခုတည်းသော ဘာသာရေး ကျမ်းစာ တော် ဖြစ်ပါတယ်။ ကျရောက်ခဲ့သည့် နှစ်ပေါင်း ၁၄၀၀ ကျော်ကတည်းက မည်သည့်မှထပ်၍ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြုပြင်ခြင်းမရှိခဲ့ပါ။

> *"ငါအရှင်မြတ်သည် သာလျှင် အဆုံးအမ(ကုရ်အာန်)ကို ချပေးသနားတော်မူခဲ့ပြီး ငါအရှင်မြတ်သည် သာလျှင် ယင်း(ကုရ်အာန်)ကို မုချ ထိန်းသိမ်းတော်မူမည့် အရှင်ဖြစ်သည်။"*
> *(ကုရ်အာန်- ၁၅:၉)*

စာသားအတိုင်းထိန်းသိမ်းစောင့်ရှောက်ထားသည့်အပြင်၊ အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးများ ၏ နှလုံးသားများတွင်လည်း ထိန်းသိမ်းစောင့်ရှောက်ထားကြပါတယ်။ ယနေ့အချိန်တွင် ကုရ်အာန်ကျမ်းတော် မြတ်တစ်အုပ်လုံးကို အာဂုံဆောင်ထားကြသူ သန်းပေါင်းများစွာရှိပါတယ်။

## သိပ္ပံပညာဆိုင်ရာ အံ့သြဖွယ်များ

ကုရ်အာန်ကျမ်းမြတ်ဟာ ခေတ်သစ်သိပ္ပံပညာနှင့် ဆန့်ကျင်နေခြင်း မရှိသည့်အပြင် ထောက်ခံလျှက်ပင် ရှိနေပါတယ်။ ကုရ်အာန်နှင့်ပတ်သတ်သော အထူးခြားဆုံးအင်္ဂါရပ်များထဲမှတစ်ခုမှာ သန္ဓေသားဗေဒ၊ မိုးလေဝသ ဗေဒ၊ နက္ခတ္တဗေဒ၊ ဘူမိဗေဒနှင့် အဏ္ဏဝါဗေဒ စသော နယ်ပယ်အသီးသီးမှ သဘာဝဖြစ်စဉ်များကို တိကျစွာ ဖော်ပြထားသော ကျမ်းပိုဒ်များစွာပါဝင်ခြင်းပဲဖြစ်ပါတယ်။ သိပ္ပံပညာရှင်များဟာ ဂရာစုလောက်က စာအုပ် တစ်အုပ်ဖြစ်သည့်တိုင် ၎င်း၏ ဖော်ပြချက်များသည် မယုံနိုင်လောက်အောင် တိကျနေကြောင်း တွေ့ရှိခဲ့ကြ ပါတယ်။

အမှန်စင်စစ် ကုရ်အာန်ကျမ်းမြတ်တွင် ဖော်ပြထားသော သိပ္ပံပညာရပ်ဆိုင်ရာ အံ့ဖွယ်ဖြစ်ရပ်များသည် မကြာသေးမီကမှ ခေတ်မှီတိုးတက်လာသော နည်းပညာစက်ကိရိယာတို့၏ အကူအညီဖြင့် ရှာဖွေ တွေ့ရှိထား ခြင်းဖြစ်ပါတယ်။ အောက်ပါအချက်များကို စဉ်းစားကြည့်ပါ...

- ကုရ်အာန်တွင် လူသား၏သန္ဓေသားဖွံ့ဖြိုးလာပုံ အဆင့်ဆင့်ကို အသေးစိတ် ဖော်ပြထားပါတယ်။ မကြာသေး သော အချိန်တစ်ခုအထိ ထိုအသေးစိတ် အချက်အလက်များကို သိပ္ပံပညာ အဖွဲ့အစည်းများ မသိရှိကြသေးပါ။
- ကုရ်အာန်တွင် နက္ခတ္တဗေဒဆိုင်ရာ ဝတ္ထုများ (ကြယ်တာရာများ၊ ဂြိုဟ်များ၊ လ စသည်...) တို့သည် အမှုန် အစုအဝေးများမှ ဖြစ်ပေါ်လာကြောင်း ဖော်ပြထားပါတယ်။ ယခင်ကမသိရှိခဲ့ကြပါ။ ယခုအခါ ထိုအချက်သည် ခေတ်သစ် စကြဝဠာကိန်းသေ၏ အငြင်းပွားဖွယ်မရှိသော နိယာမတစ်ခု ဖြစ်လာခဲ့သည်။
- ခေတ်သစ်သိပ္ပံပညာသည် ပင်လယ်နှစ်ခု ဆုံတွေ့သည့်တိုင် ၎င်းတို့၏ အပူချိန်၊ သိပ်သည်းမှုနှင့် ဆားငန်ဓာတ် တို့ကို ထိန်းသိမ်းထားနိုင်သည့် အတားအဆီးများ တည်ရှိကြောင်း တွေ့ရှိခဲ့ပြီးဖြစ်ပါတယ်။

ထိုသို့ ဖန်ဆင်းရှင်၏ လက္ခဏာများကို နှစ်ပေါင်း ၁၄၀၀ကျော် အလျှင်ကတည်းက ကုရ်အာန်ကျမ်းမြတ်တွင် ရှင်းလင်းစွာ ဖော်ပြထားပြီး ဖြစ်ပါတယ်။

## ပြိုင်စံကင်းမှု

ကုရ်အာန်ကျမ်းမြတ်ကျရောက်ခဲ့ပြီးချိန်မှစ၍ ၊မည်သူတစ်ဦးတစ်ယောက်မှ ကုရ်အာန်ကျမ်းမြတ်မှ အခန်းကဏ္ဍတစ်ခု၏ လှပမှု၊ စကားလုံးကြွယ်ဝမှု ၊ ခမ်းနားမှု၊ ပညာပြည့်ဝမှု၊ ကြိုတင်ပြောဆိုနိုင်မှု နှင့် အခြားသော ဂုဏ်ဒြပ်များ ကို ယှဉ်နိုင်သော မည်သည့်စာပေမျှ မထုတ်လုပ်နိုင်ခဲ့ပါ။

> *"အသင်တို့သည် ငါအရှင်က မိမိ၏ အစေတော်ထံ ပို့ချပေးခဲ့သော ကုရ်အာန်နှင့် စပ်လျဉ်း၍ သံသယဖြစ် ကြလျှင် ယင်းနှင့်တူသော ကဏ္ဍတစ်ခုခုကို ယူဆောင်လာကြကုန်။ ထို့ပြင် အသင်တို့သည် မှန်ကန်သူများဖြစ်ကြ လျှင် အလ္လာဟ်မှလွဲ၍ အခြားကူညီမည့်သူများကိုလည်း ခေါ်ဆောင်လာကြကုန်။"*
> *(ကုရ်အာန်-၂:၂၃)*

တမန်တော်မုဟမ္မဒ်(သူ့အပေါ်ငြိမ်းချမ်းခြင်းသက်ရောက်ပါစေ) ကို လက်မခံကြသူများ၊ ထိုသူတို့သည် ကုရ်အာန်ကျမ်းမြတ်၏ အရဗီဘာသာစကားကို အင်မတန်ကျွမ်းကျင်ကြသူများပင်ဖြစ်သော်လည်း ဤစိန်ခေါ် မှုကို ရှုံးနိမ့်ခဲ့ကြသည်။ ယနေ့တိုင် နောက်ထပ်စိန်ခေါ်နိုင်သောသူလည်း မရှိပါ။

## အမှား/ဝိရောဓိကင်းရှင်းခြင်း

> *"အကယ်၍ ဤကျမ်းသည် အလ္လာဟ်၏ ထံတော်မှ မဟုတ်ပဲ အခြားသူထံမှ ဖြစ်နေပါလျှင် ထိုသူတို့သည် ယင်းကျမ်းထဲတွင် မြောက်များစွာသော ကွဲလွဲမှုများကို မုချ တွေ့မြင်ရမည် ဖြစ်သည်။"*
> *(ကုရ်အာန်)*

လူတို့စာရေးကြတဲ့အခါ သတ်ပုံ၊သဒ္ဒါမှားခြင်း၊ ဆန့်ကျင်ဖက်ရေးသားချက်များ၊ မှားယွင်းသော အချက် အလက်များ၊ အချက်အလက်များချန်လှပ်ထားခြင်း နှင့် အခြားသော အမှားများစွာ ပါတတ်ပါတယ်။

ကုရ်အာန် ကျမ်းမြတ်တွင်ပါရှိသော သိပ္ပံဆိုင်ရာရှင်းလင်းချက်များ ရေ သံသရာလည်ပုံ၊ သန္ဓေသားဗေဒ၊ ဘူမိဗေဒနှင့် စကြဝဠာဗေဒ၊ သမိုင်းကြောင်း အချက်အလက်များနှင့် ဖြစ်စဉ်များ ရှေ့တွင်ဖြစ်လာမည်ကို ကြိုတင်ပြောဆိုမှု များ အားလုံးဟာ ဘယ်ဖက်ကကြည့်ကြည့် ဝိရောဓိကင်းရှင်းပါတယ်။

## ဤကျမ်းမြတ်ကို တမန်တော်မုဟမ္မဒ်က ရေးခဲ့တာမဖြစ်နိုင်ဘူးလား?

တမန်တော်မုဟမ္မဒ်(သူ့ထံသို့ငြိမ်းချမ်းခြင်းသက်ရောက်ပါစေ)သည် သမိုင်းအထောက်အထားအရ စာမရေးတတ်၊ မဖတ်တတ်သူဖြစ်သည်။ တမန်တော်မြတ်သည် သိပ္ပံပညာ၊ သမိုင်းကြောင်းများကိုလည်း သင်ယူလေ့လာဖူးသူ မဟုတ်ပါ။ ဤခမ်းနားလှသော ကျမ်းစာတော်၏ စာပေအရေးအသားဆိုင်ရာ လှပမှုကိုလည်း မဆည်းပူးခဲ့ဖူးပါ။ ကုရ်အာန်တွင်ဖော်ပြထားသော ရှေးက လူမျိုးစုများနှင့် ယဉ်ကျေးမှုများ၏ အလွန်တိကျသော သမိုင်းမှတ်တမ်းများသည် လူသားတို့ရေးဖို့မဖြစ်နိုင်လောက်အောင် ကြီးကျယ်ခမ်းနားလှပါတယ်။